# မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## (CR-9)

မူပိုင်ခွင့်ဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး

## မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## (CR-9)

မှတ်ပုံတင်ထားသော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးနှင့်စပ်လျဉ်းသည့် အခွင့်အရေးတစ်ခုခုသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများအကျိုးကို ထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်လွှာပုံစံ (CR-9) ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

**လျှောက်ထားသူ**

၁။ (က) လျှောက်ထားသူသည်တစ်ဦးထက်ပိုပါက ☐ အကွက်တွင် (✓)အမှတ်အသားပြုပြီး နောက်ထပ် စာရွက်တွင် ပူးတွဲ လျှောက်ထားသူများ၏ အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ A4 စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။

(၁) လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အမည်

ဥပမာ - ***ဦးညီညီအောင်***

(ခခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

*ဥပမာ* - ***၉/အမဇ(နိုင်)၀၁၂၃၄၅***

(ဂဂ) နိုင်ငံသား

ဥပမာ - ***မြန်မာ***

(ဃဃ) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာအပြည့်အစုံကိုဖော်ပြရမည်-

ဥပမာ - ***ဘုန်းတော်တိုးရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့၊***

(စစ) နိုင်ငံ

ဥပမာ - ***မြန်မာနိုင်ငံ***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673430597***

- ***nyinyiaung@gmail.com***

**နိုင်ငံခြားသားဖြစ်လျှင်**

(ကက) အမည်

ဥပမာ - ***Mr. Joe Grin***

(ခခ) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ - ***H 123450***

(ဂဂ) နိုင်ငံသား

ဥပမာ - ***India***

(ဃဃ) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***India***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာ အပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***No (100), Main Street, New Delhi, India.***

(စစ) နိုင်ငံ

ဥပမာ - ***India***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***+91 123450000***

**-** ***joegrin@gmail.com***

(၂) လျှောက်ထားသူသည် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း(ကုမ္ပဏီ)အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် -

(ကက) အဖွဲ့အစည်း(ကုမ္ပဏီ)အမည် အပြည့်အစုံ

ဥပမာ - ***Orange ကုမ္ပဏီလီမိတက်***

(ခခ) အဖွဲ့အစည်း(ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ - *202312345678*

(ဂဂ) အဖွဲ့အစည်း(ကုမ္ပဏီ)အမျိုးအစား

ဥပမာ - ***ပုဂ္ဂလိကပိုင်ကုမ္ပဏီလီမိတက်( Private Company Ltd)/ ကော်ပိုရေးရှင်း (Corporation) / အသင်းအဖွဲ့ (Association)***

**မှတ်ချက်။ ပြည်တွင်း၊ ပြည်ပမှကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့/ အဖွဲ့အစည်း/လုပ်ငန်း စသော အမျိုးအစား အမည်များ ဖော်ပြရမည်။**

(ဃဃ) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်

ဥပမာ - ***၇၈ လမ်း ၊ လမ်းမကြီးဘေး ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။***

(ငင) နိုင်ငံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ နိုင်ငံအမည်ကို ဖော်ပြရမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(စစ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***09123456789***

***orange111@gmail.com***

**ပယ်ဖျက်လိုသည့် မှတ်ပုံတင်ထားခြင်းနှင့်သက်ဆိုင်သည့် အချက်အလက်များ**

၂။ လျှောက်လွှာပုံစံ (CR-9) ၏ အမှတ်စဉ် (၂) အကွက်တွင် ပယ်ဖျက်လိုသည့် မှတ်ပုံတင်ထားခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်။

(က) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်၏ မှတ်ပုံတင်နံပါတ်

ဥပမာ - ***CReg-1/2024/000001***

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်၏ အမည်

ဥပမာ - ***ဦးဖြူ***

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ခေါင်းစဉ်

ဥပမာ - ***"ဝသုန်မိုး"***

(ဃ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် အမျိုးအစား

ဥပမာ - ***ရုပ်ရှင်လက်ရာ***

**ကိုယ်စားလှယ်**

၃။ (က) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဃ)နှင့်အညီ မြန်မာနိုင်ငံသားကိုသာ ကိုယ်စားလှယ်လွှဲအပ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်။

(၁) အမည်

ဥပမာ - ***ဦးမိုးအောင်***

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ - ***၉/အမဇ(နိုင်)၀၁၂၃၄၅***

(၃) ကိုယ်စားလှယ်၏ လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ)ကို ဖော်ပြရမည်။

ဥပမာ - ***၇၃ လမ်း ၊ မနော်ဟရီရပ်ကွက်၊ မန္တလေးမြို့ ။***

(၄) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***09123456789***

***moeaung@gmail.com***

(ခ) ကိုယ်စားလှယ်လွှဲအပ်ရာတွင် လျှောက်ထားချက်တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးသာ လွှဲအပ်ရမည်။ ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်လျှင် ကိုယ်စားလှယ်လွှဲစာ (CR-10)ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီးသူကို ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်ရမည်။ ၎င်း၏ အမြဲတမ်း နေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူကို ပူးတွဲတင်ပြရမည်။

**မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်လိုသည့် အကျိုးအကြောင်းဖော်ပြချက်**

၄။ လျှောက်ထားသူသည် မှတ်ပုံတင်ထားသည့် စာပေနှင့်အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ မည်သည့်အတွက်ကြောင့် ပယ်ဖျက်လိုကြောင်း အကျိုးအကြောင်းကိုဖော်ပြရမည်။ နေရာပိုမိုလိုအပ်ပါက နောက်ထပ်စာရွက်အသုံးပြုရမည်။ နောက်ထပ်အသုံးပြုသော စာရွက်အရေအတွက်ကို ဖော်ပြရမည်-

(က) အကျိုးအကြောင်းဖော်ပြချက်

ဥပမာ - ***"ဝသုန်မိုး" ရုပ်ရှင်ဇာတ်ကားသည် ကျွန်ုပ်၏ "ဝသုန်မိုး" ဝတ္ထုကို ကျွန်ုပ်၏ ခွင့်ပြုချက်မပါဘဲ ရိုက်ကူးထားခြင်းဖြစ်သည့်အတွက် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားရခြင်းဖြစ်ပါသည်။***

(ခ) နောက်ထပ်အသုံးပြုသော စာရွက်အရေအတွက်

ဥပမာ - ***ပူးတွဲ (၅) ရွက်***

(ဂ) မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်လိုသည့် အကြောင်းအရာအား ခိုင်လုံသော သက်သေ အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြရမည်။ သက်သေအထောက်အထား မခိုင်လုံသော လျှောက်ထားချက်များအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

**ငွေပေးသွင်းခြင်း**

၅။ လျှောက်လွှာပုံစံ(CR-9)၏ အမှတ်စဉ်(၅) အကွက်တွင် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းထားသည့် အခကြေးငွေပမာဏကို ဖော်ပြ၍ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်-

ဥပမာ - ***ပေးသွင်းသည့်ငွေပမာဏ - ၁၀၀,၀၀၀ ကျပ်***

**လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏လက်မှတ်**

၆။ လျှောက်လွှာပုံစံ(CR-9)၏ အမှတ်စဉ်(၆)အကွက်တွင် အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်က လက်မှတ်ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ ခုနှစ် တို့ကို ပြည့်စုံစွာ ဖြည့်စွက်ရမည်။ တရားဝင်တည်ထောင်ထားသောအဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူ၏ ရာထူးနှင့်အဖွဲ့အစည်းအမည်တို့ကို ဖော်ပြရမည်ဖြစ်ပြီး အဆိုပါလက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထားကို ပူးတွဲတင်ပြရမည်။

၇။ ကိုယ်စားလှယ်လွှဲအပ်ခြင်းမရှိသည့်ကိစ္စရပ်တွင် လျှောက်ထားသူတစ်ဦးထက်ပိုပါက လျှောက်ထားသူအားလုံးကိုယ်စား ဆက်သွယ်ဆောင်ရွက်ရန် သဘောတူထားသည့် လျှောက်ထားသူတစ်ဦးက လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ပူးတွဲလျှောက်ထားသူအားလုံး၏ သဘောတူခွင့်ပြုချက်အား ပူးတွဲတင်ပြရမည်။

၈။ အီလက်ထရောနစ်နည်းဖြင့်လျှောက်ထားပါက မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန်မလိုဘဲ အီလက်ထရောနစ်ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်ကို ဖော်ပြရမည်။

၉။ ပူးတွဲပါဝင်သောစာရွက်အရေအတွက်စုစုပေါင်းကို ဖော်ပြရမည်-

ဥပမာ - ***ပူးတွဲပါဝင်သော စာရွက်အရေအတွက် စုစုပေါင်းမှာ ( ၁၀ ) ရွက်ဖြစ်ပါသည်။***

၁၀။ အချက်များအားလုံး ပြည့်စုံမှန်ကန်စွာဖြည့်စွက်ရမည်။

၁၁။ လျှောက်လွှာပုံစံတွင် (*) ဖော်ပြထားသော အချက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့် အချက်များဖြစ်ပါသည်။ (*)အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ်တစ်ခုလုံးတွင် ပါဝင်သည့် အချက်များကို မဖြစ်မနေ ဖြည့်စွက်ရမည် ဖြစ်သည်။

၁၂။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာ (CR-10)မိတ္တူအား ပူးတွဲတင်ပြရမည်။

၁၃။ သက်ဆိုင်ရာ စာရွက်စာတမ်းများအား လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

၁၄။ မှတ်ပုံတင်ပယ်ဖျက်ပေးရန် လျှောက်ထားချက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူနှစ်စောင်ဖြင့် တင်ပြရမည်။

**မူပိုင်ခွင့်ဦးစီးဌာန**